# အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ် (၁ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ဆိုင်းငံ့မိန့်လျှောက်ထားသူများ သိရှိနိုင်ပါရန်

၁။ ဆိုင်းငံ့မိန့် လျှောက်ထားသူများအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၅ (က) နှင့် ၁၆ (ဂ) အရ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ အစိုးရရုံးဖွင့်ရက် ၄ းရက်အတွင်း အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်သည့် အာမခံစပေါ်ငွေ ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ)တိတိ သို့မဟုတ် ဆိုင်းငံ့ပစ္စည်း အကောက်ခွန်တန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းအား အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

၂။ သတ်မှတ်ရက်အတွင်း အာမခံစပေါ်ငွေပေးသွင်းခြင်းမရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄ (ဂ) အရ ငြင်းပယ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**